awba

awba
group

# NEWSLETTER

## မြန်မာ့ဩဘာလုပ်ငန်းစုကုမ္ပဏီ၏ ရေဘေးအလှူတော်

မြန်မာ့ဩဘာလုပ်ငန်းစု Group CEO ဦးသတိုးဟိန်း + ဒေါ်စိုးမာလာ မိသားစုမှ ၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း စတင်ဖြစ်ပွားခဲ့သော ရာဂီမုန်တိုင်းကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မန္တလေး တိုင်းဒေသကြီး နှင့် ပဲခူးတိုင်းဒေသကြီး (အရှေ့)ရှိ ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၁,၃၀၅,၀၀၀,၀၀၀ ကျပ် (ကျပ်သိန်းပေါင်း တစ်သောင်းသုံးထောင့်ငါးဆယ်) တန်ဖိုးရှိ စားနပ်ရိက္ခာ၊ ဆေးဝါးနှင့် အခြားထောက်ပံ့ ပစ္စည်းများကို စက်တင်ဘာလမှ အောက်တိုဘာလအတွင်း လှူဒါန်းခဲ့ပါသည်။ မြန်မာ့ဩဘာလုပ်ငန်းစုနှင့်အတူ မြန်မာ့ဩဘာအမှတ်တံဆိပ် နှင့် ကောမက်ဓာတ်မြေဩဇာ မိသားစုတို့မှ လှူဒါန်းမှုအစုစုအတွက် သာဓုခေါ်ဆိုနိုင် ပါရန် ဝမ်းမြောက်ဂုဏ်ယူစွာ စုစည်းဖော်ပြပေးလိုက်ရပါသည်။




ရှမ်းပြည်နယ်တောင်ပိုင်းရှိ ညောင်ရွှေမြို့နယ် အင်းလေးဒေသ ကျေးရွာပေါင်း (၂၁) ရွာတွင် နေထိုင်ကြသော ရေဘေးသင့်အိမ်ထောင်စု (၄,၁၇၇) စု အတွက် ငွေကျပ် ၁၃၅,၀၀၀,၀၀၀ (ကျပ်သိန်းပေါင်းတစ်ထောင့်သုံးရာငါးဆယ်) တန်ဖိုးရှိ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ ဆပ်ပြာမှုန့်၊ ဆပ်ပြာခဲ၊ ဖယောင်းတိုင်၊ ဓါတ်ဆား၊ အခြေခံဆေးဝါး၊ ရေသန့်၊ မီးသွေး စသည့်လိုအပ်သော ပစ္စည်းများကို လှူဒါန်းခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်း တောင်ငူမြို့နယ်၊ အုတ်တွင်းမြို့နယ်၊ ဖြူးမြို့နယ်နှင့် ရေတာရှည်မြို့နယ်များမှ ကျေးရွာပေါင်း (၄၈)ရွာ တွင် နေထိုင်ကြသော ရေဘေးသင့်အိမ်ထောင်စု (၅,၇၂၁) စု အတွက် ငွေကျပ် ၃၀၀,၀၀၀,၀၀၀ ကျပ် ( ငွေကျပ်သိန်းသုံးထောင်) တန်ဖိုးရှိ ဆန်၊ ဆီ ပစ္စည်းများကို လှူဒါန်းခဲ့ပါသည်။







မန္တလေးတိုင်းဒေသကြီး ပျဉ်းမနား၊ ပျော်ဘွယ်၊ ရမည်းသင်းနှင့် တပ်ကုန်းမြို့နယ် များမှ ကျေးရွာပေါင်း (၃၇)ရွာတွင် နေထိုင်ကြသော ရေဘေးသင့်အိမ်ထောင်စု (၈,၂၆၀) စု အတွက် ငွေကျပ် ၄၀၀,၀၀၀,၀၀၀ ကျပ် ( ငွေကျပ်သိန်းလေးထောင်) တန်ဖိုးရှိ ဆန်၊ ဆီ ပစ္စည်းများကို လှူဒါန်းခဲ့ပါသည်။

# NEWSLETTER

## မြန်မာ့သြဘာလုပ်ငန်းစုကုမ္ပဏီ၏ ရေဘေးအလှူတော်



မန္တလေးတိုင်းဒေသကြီး ကူမဲ၊ မြစ်သား၊ ကျောက်ဆည်၊ စဥ့်ကိုင် နှင့် တံတားဦးမြို့နယ်များမှ ကျေးရွာပေါင်း ၃၁ ရွာတွင် နေထိုင်ကြသော ရေဘေးသင့်အိမ်ထောင်စု (၉,၆၉၃) စု အတွက် ငွေကျပ် ၃၄၀,၀၀၀,၀၀၀ ကျပ် (ငွေကျပ်သိန်းသုံးထောင့်လေးရာ) တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆား ခေါက်ဆွဲခြောက်နှင့် ပန်းကန်ပြားပစ္စည်းများကို လှူဒါန်းခဲ့ပါသည်။



မန္တလေးတိုင်းဒေသကြီး သဲတော၊ ဝမ်းတွင်း၊ သာစည်မြို့နယ်ရှိ ကျေးရွာပေါင်း ၇ ရွာတွင် နေထိုင်ကြသော ရေဘေးသင့်အိမ်ထောင်စု (၃,၂၅၁) စု အတွက် ငွေကျပ် ၁၃၀,၀၀၀,၀၀၀ ကျပ် (ငွေကျပ်သိန်းတစ်ထောင့်သုံးရာ) တန်ဖိုးရှိ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်နှင့် ပန်းကန်ပြားပစ္စည်းများကို လှူဒါန်းခဲ့ပါသည်။



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် မြေစိုပါယ်လေးဆယ် ကျေးရွာအုပ်စုနှင့် ပေတောကြီးကျေးရွာအုပ်စု (နှစ်အုပ်စုကြား) ပန်းလောင်မြစ်ကူးတံတားကြီး နှင့် မြစ်သားမြို့နယ် ပုဏ္ဏားကျေးရွာရှိ စမုံမြစ်ကူးတံတား တို့အား လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရန်အတွက် တံတားများ ပြန်လည်မွန်းမံတည်ဆောက်ရန် ငွေကျပ် ၄၀,၀၀၀,၀၀၀ (သိန်းလေးရာကျပ်) ကို သက်ဆိုင်ရာကျေးရွာအုပ်စုများသို့ မတည်လှူဒါန်းခဲ့ပါသည်။



မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ် ဒေသတွင်းအပူချိန်လျော့ချနိုင်ရေး နှင့် စိမ်းလန်းစိုပြေရေးတို့အတွက် မြန်မာ့သြဘာလုပ်ငန်းစုနှင့် ကောမက်ဓာတ်မြေသြဇာ မိသားစုတို့မှ အရိပ်ရသစ်ပင်ပေါင်း ၅,၀၀၀ (ငါးထောင်)ကိုလည်း လှူဒါန်းစိုက်ပျိုးခဲ့ပါသည်။ အရိပ်ရသစ်ပင်များ တစ်နှစ်ပတ်လုံး ကောင်းစွာရှင်သန်ကြီးထွားနိုင်စေရေး အတွက် အဓိကအရေးကြီးသော ရေရှိစေရန်နှင့် လိုအပ်သောပြုစုစောင့်ရှောက်မှုများ ပြုလုပ်နိုင်ရန်အတွက် ငွေကျပ် ၂၆,၀၀၀,၀၀၀ (သိန်းနှစ်ရာ့ခြောက်ဆယ်ကျပ်) တိတိ ကိုလည်း အရိပ်ရသစ်ပင် ၅၀၀၀ နှင့်အတူ လှူဒါန်းခဲ့ပါသည်။

ရေဘေးသင့်ဒေသများအတွက် လှူဒါန်းခဲ့သည့် ကုသိုလ်ကောင်းမှုအစုစုတို့ကို မြန်မာ့သြဘာလုပ်ငန်းစုနှင့်တကွ ဝမ်းမြောက်ဝမ်းသာ သာဓု (၃)ကြိမ် ခေါ်ဆိုလိုက်ရပါသည်။